# သခင့်စကား
ဝိညာဉ်ရေးဂျာနယ်

အစာ မဟုတ်သော အရာအဘို့ သင်တို့ ငွေကိုဌင်း၊ အမွတ် မပြေနိုင်သောအရာအဘို့ သင်တို့ ဥစ္စာကိုဌင်း အဘယ်ကြောင့် ကုန်စေကြသနည်း။ ငါ့စကား ကို စေ့စေ့ နားထောင်လျှက် ကောင်းသော အစာကို စားကြလော့။ ဟေရှာယ ၅၅း၂

အမှတ်စဉ် (၅၅) | မတ်လ | ၂၀၀၆ ခုနှစ် | မေ့ဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချီသည် )


## တံငါသည် (မေဂျွန်)



တံငါသည် အလုပ်ကို လုပ်တဲ့သူများကို အပြင်ဗန်းအားဖြင့် ကြည့်မယ်ဆိုရင် လွယ်ကူသက်သာတယ်လို့ ထင်ရပေမဲ့ တကယ်တမ်း လက်တွေ့ မှာတော့ အလွန်ခက်ခဲ လှပါတယ်။ ငါးဖမ်းနည်း သိဖို့ လိုအပ်သလို စိတ်ရှည်၊ ဇွဲရှိဖို့လဲ လိုအပ်ပါတယ်။ နောက်ပြီးတော့ တံငါသည် အများစုဟာ ချမ်းသာ ကြွယ်ဝတဲ့သူတွေ မဟုတ်ကြပါဘူး။

တံငါသည်များဟာ ဇွဲရှိရှိနဲ့ အရာရာကို ရင်ဆိုင်ရဲပါတယ်။ မိုးသက်မုန်တိုင်း ကျသည်ဖြစ်စေ၊ လေလှိုင်းတွေ ထန်သည် ဖြစ်ပါစေ၊ နေပူကျဲကျဲတောက် နေရောင်အောက်မှာ ဖြစ်ပါစေ၊ အေးချမ်းတဲ့ ဆောင်းညချမ်း ဖြစ်စေ သူတို့ မမှုခဲ့ပါ။ မိမိ ချစ်နှစ်သက်သူများကို စွန့်ခွာကာ အသက်ပေး စွန့်စားရင်း ငါးဖမ်း ထွက်ခဲ့ကြပါတယ်။

ဒီလို တံငါသည်များရဲ့ ဘဝကို လေးစားမိတဲ့ သခင်ယေရှုခရစ်တော်ဟာ သူ့ရဲ့ ပထမဦးဆုံး တပည့်တော်များဖြစ်တဲ့ ရှိမုန် ပေတရုနဲ့ သူ့ရဲ့ညီ အန္ဒြေ၊ ဇေဗေဒဲ ရဲ့သား ယာကုပ်နဲ့ ယောဟန် တို့ကိုလဲ သူ့နောက်တော်ကို လိုက်ဖို့ ဖိတ်ခေါ်တဲ့အခါ သူတို့ပိုင်တဲ့ လှေနဲ့ ငါးတွေကို ထားခဲ့ပြီး ကိုယ်တော့်နောက်ကို လိုက်ခဲ့ကြပါတယ်။

ထိုနည်းတူ အခြားသော တပည်တော်များကိုလဲ ရွေးကောက်ခဲ့ပါတယ်။ ကိုယ်တော်ရဲ့ တပည့်တော်များဟာ သာမာန် လူတန်းစားများသာ ဖြစ်ပါတယ်။ မိမိတို့ရဲ့ သက်မွေး ဝမ်းကျောင်းအလုပ်ကို လုပ်ကိုင်နေရင်းနဲ့မှ ကိုယ်တော့်ရဲ့ နောက်ကို လိုက်ခဲ့ကြတဲ့သူများ ဖြစ်ပါတယ်။

တံငါသည်များကိုလဲ လူကိုမျှားတဲ့ တံငါသည်ဖြစ်အောင် ပြောင်းလဲ စေခဲ့ပြီး မိမိအဖဘုရားသခင်ရဲ့ နိုင်ငံတော်အကြောင်းကို ဟောပြောဖို့ သွန်သင် လမ်းပြခဲ့ပါတယ်။

ဒီလိုပါဘဲ၊ ယခုအချိန်မှာလဲ ကျွန်မတို့ကို နည်းလမ်းမျိုးစုံနဲ့ သူ့ရဲ့ သာသနာတော်ထဲမှာ ပါဝင်ဖို့ ခေါ်နေပါတယ်။ ကိုယ်တော်ရဲ့ ခေါ်သံကို ကျွန်မတို့ ဝမ်းမြောက်စွာနဲ့ စည်းစိမ် ခံစားနေရချိန်မှာ မကြားမိပေမဲ့ ဒုက္ခ ဆင်းရဲရောက်တဲ့အခါမှတော့ ကြားသိ လက်ခံမိခဲ့ကြပါတယ်။ တံငါသည်များကတော့ ကိုယ်တော့် ခေါ်သံကိုကြားတာနဲ့ တပြိုင်နက် နောက်တော်သို့ လိုက်ကြပေမဲ့ ကျွန်မတို့ကရော ကိုယ်တော်ရဲ့ ခေါ်သံကို ကြားရင် ဘယ်လို ဖြေမလဲ။ ။

**Yes, I know but tomorrow.**

ခရစ်တော်၏ ချစ်ခြင်းမေတ္တာ၌ မေဂျွန်

000000000000000000000000000000000000000000000

## ခွင့်လွှတ်ပါ သခင်



အခန်း (၁)

**Shopping center** ထဲမှာ ဖိနပ်လှလှလေးတွေ စုံလို့ပေါ့။ ဒီဖိနပ်လေး **Try** ကြည့်လိုက်အုံးမယ်။ ဒုက္ခပါဘဲ ၊ ခြေထောက်ကလဲ သူများတွေလို သေးသေးသွယ် သွယ် မရှိဘူး ၊ ငါ့ခြေထောက်ကလေ ဖိနပ်တော်တော် ရွေးတာဘဲ၊ ပါးပါး ခြေထောက်နဲ့ တူလို့ ဖြစ်ရမယ်။ ဟင်း – ကိုယ်ခန္ဓာက အစိတ်အပိုင်းတွေ ကိုယ်လိုချင်သလို ပြောင်းလို့ရရင်ကောင်းမှာဘဲ။ ပိုက်ဆံ အများကြီး ရှိရင်တော့ ဖြစ်နိုင်ပါတယ်လေ။ တကိုယ်လုံးမှာ ရှိတဲ့ မလှတဲ့ နေရာတွေ အကုန်လုံးကို လှအောင် လုပ်ပစ်လိုက်မယ်။

အခန်း (၂)

"ညီမလေး လူးလူးရေ၊ ဒီမှာ ညီမလေးအတွက် **Christmas** လက်ဆောင် နားကပ် လှလှလေး မမ လုပ်ထားပေးတယ် ၊ ညီမလေးနဲ့လဲ လိုက်တယ် "

"အင် – မမ ကိုယ်တိုင်လုပ်ပြီး ရောင်းတဲ့ နားကပ် မျိုးလား ၊ ဒါဆိုရင် ဈေးသိပ် မကြီးဘူးပေါ့။ မလိုချင်ပါဘူး ၊ ဈေးကြီးတာဘဲ ဝယ်ပေး "

အခန်း ( ၃)

ကျွန်မ အမြတ်တနိုးနဲ့ အချိန်ကုန်ခံပြီး ညီမလေးနဲ့ လိုက်မဲ့ ၊ သင့်တော်မဲ့ **Design** နဲ့ နားကပ် ကလေး လုပ်ထားပေးတာကို အခုလို အပြောခံရတော့ ဝမ်းနည်းလိုက်တာ ၊ ပိုက်ဆံ အများကြီး ပေးဝယ်မှ တန်ဖိုး ရှိတာလားကွယ်။

အို – ဒါဆိုရင် ကျွန်မ ကိုယ်ခန္ဓာကို အမြဲတမ်း စိတ်တိုင်းမကျ ငြီးငြင်မိတဲ့ အချိန်တိုင်း ကိုယ်တော်လဲ ဝမ်းနည်းနေအုံးမှာပေါ့။

အဖဘုရားရှင် သမီးနားလည်ပါပြီ။ သမီးကို ကိုယ်တော့်ရဲ့ ပုံသဏ္ဍာန်တော်နဲ့ အညီ ဖန်ဆင်းပေးထားတဲ့အပြင် ၊ ဘယ်သူနဲ့ မှ မတူဘဲ **Unique** ဖြစ်အောင် လုပ်ထားပေးတဲ့ ခန္ဓာကိုယ် အစိတ်အပိုင်း တစ်ခုစီအတွက် ကျေးဇူးတင်ပါတယ်။ ဖန်ဆင်းခြင်းကို ပြစ်မှားပြီး ၊ တန်ဖိုးမထား ၊ ငြီးငြင်မိတဲ့ အပြစ်ကို ခွင့်လွှတ်ပါ အဖ ။ အာမင် ။ ။

( **အနုဣ** )

**ဆာလံ ၁၃၉ း ၁၄ အကျွန်ုပ်သည် ကြောက်မက်ဖွယ်သော လက္ခဏာ၊ ထူးဆန်းသော လက္ခဏာတို့နှင့် ပြည့်စုံသည်ဖြစ်၍ ကိုယ်တော်ကို ချီးမွမ်းပါမည်။ ပြုပြင်တော်မူသော အမှုတို့သည် အံ့ဩဘွယ်ဖြစ်ကြောင်းကို အကျွန်ုပ်၏ စိတ်ဝိညာဉ်သည် အမှန် သိပါ၏။**

ooooooooooooooooooooooooooooooooooooooooooooooooooooo

## သက်သေခံချက်

ဘုရားသခင်၏ ကောင်းမြတ်ခြင်းများသည် ကျွန်ုပ်တို့ ယုံကြည်သူသားသမီးများ၏ အသက်တာ၌ ချီးမွမ်း၍ မဆုံးနိုင်ကြောင်းကို နေ့စဉ်နှင့်အမျှ ရေတွက်၍ ကြည့်လျှင် သိမြင်နိုင်ပါသည်။ လွန်ခဲ့သော လ အနည်းငယ်က ကျွန်မ ညီမလေး၏ အလုပ်ကိစ္စနှင့် ပါတ်သက်၍ ဘုရားရှင်ထံ တောင်းလျှောက်ခဲ့ပါသည်။

အကြောင်းမှာ ညီမလေးသည် **Nursing home** တစ်ခုတွင် ၄ နှစ် အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး အလုပ်သက်တမ်း စာချုပ်ပြည့်၍ ပြန်ခါနီးတွင် အလုပ်ရှင် သူဌေး၏ မတရားမှု ကြောင့် အချေအတင် ဖြစ်ကာ **MOM , MOH** ရောက်သည် အထိ ပြဿနာ ကြီးသွားခဲ့ပြီး ၊ ညီမလေးလဲ မြန်မာနိုင်ငံသို့ ပြန်သွားခဲ့ရပါသည်။ ထိုနောက် ညီမလေးက နောက်ထပ် အလုပ်သစ်တစ်ခုကို စင်ကာပူ အစိုးရထံတွင် ထပ်မံလျှောက်ထားခဲ့ပါသည်။

သို့သော် ညီမလေး၏ **Work permit** မှာ **approve** မဖြစ်ခဲ့ပါ။ အဘယ့်ကြောင့်ဆိုသော် ပြဿနာဖြစ်ခဲ့ဖူးသော သူဌေးဟောင်းက ညီမလေး အား စင်ကာပူနိုင်ငံ၏ နိုင်ငံခြားသား အလုပ်သမား ကွပ်ကဲရေးဌာနတွင် **Black list** လုပ်ထားခဲ့သဖြင့် ညီမလေးမှာ နောက် အလုပ် သစ်လုပ်ခွင့် မရဘဲ **Work permit reject** ဖြစ်ခဲ့ရပါသည်။ ထိုအချင်းအရာကြောင့် ကျွန်မ စိတ်အနည်းငယ် ပူပန်မိသော်လဲ ဘုရားသခင်သည် အရာအားလုံးကို တတ်နိုင်သော ဘုရားရှင်ဖြစ်ကြောင်း စိတ်ချထား

သောကြောင့် ထိုအမှု ပြေလည်ရန်နှင့် ညီမလေး အလုပ်သစ်ရရန် ဆက် လက် ဆုတောင်းခဲ့ပါသည်။

အခက်အခဲ အမျိုးမျိုး ရှိသော်ငြားလဲ ဘုရားရှင်သည် တရားမျှတသော အရှင်ဖြစ်သည်။ လိုအပ်သော စာရွက်စာတမ်းများနှင့် **MOM** အထိ ရောက်ခဲ့ပါသည်။ ပြဿနာဟောင်းများကို ပြန်လည် တင်ပြပြီး ညီမလေးအား အလုပ်ခန့်မည့် **Nursing home** အသစ် မှ သူဌေးအသစ်ကလဲ ညီမလေး အား လိုလိုလားလား လက်ခံသဖြင့် ဘုရားသခင်၏ ကျေးဇူးတော် သက်သက်ကြောင့် **Approve** ဖြစ်ကာ ယခင်ကထက် သက်သာကောင်းမွန်သော **Nursing home** တွင် ညီမလေး အလုပ်ထပ် ရခဲ့ပါသည်။

ယခု အချိန်တွင် ညီမလေးသည် ထို အလုပ်သစ်၊ နေရာသစ် တွင် လုပ်ငန်း တာဝန်များကို စိတ်လက်ချမ်းသာစွာ ထမ်းဆောင်ခွင့်ရပြီး စင်ကာပူနိုင်ငံ၏ နိုင်ငံခြားအလုပ်သမားများ ရသင့်ရထိုက်သော လုပ်အားခနှင့် အခြားသူများနှင့် တန်းတူအခွင့်အရေးများကိုလဲ ရရှိခဲ့ပါသည်။ ထို့အပြင် လုပ်ငန်း တာဝန် ပြီးဆုံးချိန်တွင်လဲ အပြင်သို့ လွတ်လပ်စွာ လည်ပတ်ခွင့် ရရှိခဲ့ပါသည်။

ဘုရားရှင်၏ ကျေးဇူးတော်သည် ယုံကြည်သူ သားသမီးတိုင်း ပေါ်တွင် ကြီးမားစွာ သွန်းလောင်းလျှက် ရှိပါသည်။ အခက်အခဲကို ရင်ဆိုင် ရကောင်း ရင်ဆိုင် ရပါလိမ့်မည်။ သို့သော် ထိုအခက်အခဲတိုင်းတွင် ဘုရားသခင် ကျွန်ုပ်တို့နှင့်အတူ အမြဲ ပါရှိနေမည် ဖြစ်သည်။ ထိုအခက်အခဲများ ရင်ဆိုင်ရလျှင် အားငယ် စိတ်ပျက်ဖို့ မလိုဘဲ၊ ကိုယ်တော်ရှင်ကို ခိုလှုံ ချီးမွမ်းသော အသက်တာဖြင့် အားယူ၍ ရှေ့ဆက်ရမည် ဖြစ်သည်။

**နှုတ်ကပတ်တော် ၁ း ၇ – ထာဝရဘုရားသည် ကောင်းတော်မူ၏ ၊ အမှုရောက်သော အခါ ရဲတိုက် ဖြစ်တော်မူ၏ ၊ ခိုလှုံသော သူတို့ကို သိမှတ်တော်မူ၏ ။**

ခရစ်တော်၏ မေတ္တာ၌ –

**ရောဒေ**

## ထိမ်းချုပ်သူ

လူ့ အသက် တစ်ချောင်း
လောကထဲ ရောက်ဖို့ ၊
ကြိုးပမ်း လိုက်ရတာ
လူတွေကို ကုန်ရော ။
အဖေ အမေ ဆရာဝန် ဆရာမ
စက် တွေလဲ မနေရ
ပိုက်ဆံ လဲ ကုန်ကြ ။



လူ့ အသက် တစ်ချောင်း
လောကထဲက မထွက်ဖို့
ကြိုးစားလိုက်ရတာ
လူတွေကို ကုန်ရော ၊
စက်ပစ္စည်းတွေ
ပိုက်ဆံတွေလဲ ထိုနည်း၄င်း
( တကယ်တော့ – )
ဝင်ခြင်း ထွက်ခြင်း
ဘုရားသခင့် လက်ထဲမှာပါလေ ။ ။

**ကောင်းကောင်**

## နောက်မကျစေချင်ဘူး အမေ

အပူလှိုင်း ဖြာဝေလို့ ၊ ဇမ္ဗူတိုင်းမှာ အဖြေညှိရင်ဖြင့်
လူတိုင်းမှာ အမေ ရှိတယ်။
မရေမရာ ပဟေဠိတွေကြောင့် ၊ အသေအချာ အဖေ မသိပေမဲ့
အမေ ဆိုတာ ရှိနေတယ်။
အမေ –
ဖဝါးလက်နှစ်သစ်နဲ့ လူ ဖြစ်လာကတည်းက
သားတို့ ရုပ်ရည် သီတာ မည်သား
အပြစ်ကင်းစင် သားရုပ်သွင်လေး အမေ ငေးငေးကြည့်
အကြင်နာ ယိုဖိတ် မေတ္တာစိတ်ကြောင့်
ရင်နှစ်မြွာကြား သွေးသားများက
အေးမြချိုမွှေး နို့ချိုလေးတွေ ဖြစ်စေဆိုပြီး
သားမောင်အတွက် အာဟာရ ဖြစ်စေခဲ့တယ်နော် ။
စိန် ရွှေ ပတ္တမြား အိမ် မြေ ခြံ ကား
ငွေသား အမေ ပေးနိုင်ပါမှ အမေ မဟုတ်ပါဘူး ။
အရိုးဟင်း တစ်ဖဲ့စီ စား ၊ ထမင်းရည် အတူ သောက်
ဗိုက်မှောက်တော့လဲ အတူတူ ၊ အိတ်ပေါက်တော့လဲ အတူတူ
ကြမ်းပိုးနဲ့ ခြင် အတူတူ သွေးလှူ
အပူကို မျှဝေ ခံစားခဲ့ ၊ အမေ ဟာ အမေ ပါဘဲ ။
အဖေ ဆိုတာ ရှိခဲ့ပေမဲ့ ၊ တာဝန် မကျေခဲ့မှုတွေကြောင့်
သားရွှေသွေး တစ်ဝမ်းဝ စေရေးအတွက်
ဖဝါးနှစ်ခု သွေးခြေဉလို့
နဖူးက ချွေးစက် မြေပြင်ကိုကျ ၊ တစ်ချက်မှ မညည်းတဲ့ အမေ
သားဟာ အမေ့တွက် အားဆေး တစ်ခွက်တဲ့ ။
အကြောင်းတရား အခြေမဲ့လို့ ၊ သူတောင်းစား အမေလဲ အမေ ။
အကြွေးကြွယ်လှတဲ့ ၊ ဈေးသည်မ အမေ လဲ အမေ ။
ချစ်သဒ္ဒါတွေ ဝေကဲနေတဲ့ ၊ ပြည့်တန်ဆာ အမေ လဲ အမေ ။
ငွေ အသုံး မနိုင်တဲ့ ခြေသလုံး အိမ်တိုင်ဘဝက အမေ လဲ အမေ ။
ရင်နာမိတယ် အမေ –
နှလုံးသွေးစက်တို့ လမ်းခင်းပေးခဲ့
လူတကာ တံတွေးခွက် ပက်လက်စီးမျောရင်း
သိက္ခာကို တန်ဖိုးဖြတ်လို့
သားမောင် လူလူ ပညာတတ်စေဖို့အရေး
အမေ့ အတွေးတွေမှာ စာတန် ဝင်ရောက်လို့
ဒေါ်လာ နောက်ကို အမေ လိုက်နေပေါ့ ။
အမေ –
ဆယ်စုနှစ် နှစ်ခါ ပြောင်းခဲ့ပေမဲ့
အဟောင်းထဲမှာ အမေ မထွက်နိုင်ခဲ့ ။
ပျော်မွေ့နေပြီလား အမေ ။
အမေ့ နောက်ကွယ်မှာ အမေ့ သတင်း စူးရှလို့ နေခဲ့
မြွေဟောက်လို လျှာနှစ်ခွနဲ့ ၊ အသည်းလဲ စားတဲ့ ဘီလူးမ တဲ့ ။
ဘယ်သို့ ပြောပြော ၊ ဘယ်သဘော မြင်မြင်
အချစ် မပြယ် ချစ်နေဆဲပါ။
အမေဟာ သား အတွက်တော့ အမေ ပါဘဲ။
ဒါပေမဲ့ အမေ
ရိုးသားမှု ၊ ဂုဏ်သိက္ခာ ၊ အကြင်နာ မှုတပါး
အခြားဘာမှ သား မလိုပါဘူး။
လောဘ ၊ မောဟတွေ ခဝါချ
အတ္တကို အမေ စွန့်ပါတော့ ။
အမေ့ အသက်တာ စိတ်ချစေဖို့ အရေး
အဟောင်းကို စွန့် အသစ်ကို ယူတင်ဝတ်ဆင်လို့
သတို့သမီး ကညာ ဖြစ်စေဖို့အတွက်
ဟော – ဟို တံခါးဝမှာ ကိုယ်တော်ရှင် လက်ယပ်ကာ ခေါ်နေတယ် ၊
နောက်မကျခင် အပြေးကလေး သွားလိုက်ပါ အမေ ။ ။

**ဒေးဒေး ( အင်းစိန် )**

( မည်သူ့ကိုမှ မရည်ရွယ်ပါ တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါ )

## ကျွန်တော်

ပုံပြင်တကာကို ယုံချင်စရာ ဖြစ်အောင် ရေးတာလဲ
ကျွန်တော်ပါဘဲ ။
ဒီယုန်မြင် လို့ ဒီခြုံထွင် ဖြစ်သွားတာလဲ
ကျွန်တော်ပါဘဲ ။
ဘေး ဘယာတွေ ဝေးကွာစေဖို့

အဝေး တစ်နေရာကို "ဟေး – လာ" ကယ်ယူဖို့ ခေါ်တာလဲ
ကျွန်တော်ပါဘဲ။

အများတကာ အမြင်မှာ အမှားတစ်ရာ
ထင်ကျန်ရစ် စေတဲ့သူမို့



နွမ်းနေသူကို လှမ်းယူလို့ ကယ်မဲ့သူ
နန်းလူ့ပြည် တခွင်မှာ ငါ မတွေ့ ။
စမ်းရေပူ သောက်မိသွားသူမို့
ဖေးကူကာ ကယ်မဲ့သူကို ရှာရင်း
အခုတော့ –
ကျမ်း အတုတွေ ကြားမှာ
စမ်း အစစ်ခံ သမ္မာကျမ်းကို
သွေးအရင်းခံ ရေးခဲ့ ၊ သူတို့ရဲ့ စကားကြောင့်
ပြောင်းလဲတဖန် ငါ့ရဲ့ အသက်တာ
အေးချမ်း သာယာ ရှိခဲ့ပြီ ။ ။

**မျှော်တော**

ooooooooooooooooooooooooooooooooooooooooooooooo

## သေတမ်းကဗျာ



အမွေတွေ အားလုံး "သား" ယူလိုက်ပါတဲ့ ၊
သူဌေးကြီးက မှာခဲ့တယ် ။
ရွှေတွေ အားလုံး "ဘုရား" လှူလိုက်ပါတဲ့ ၊
သူတော်ကောင်းကြီးက မှာခဲ့တယ် ။
ဂီတာဟောင်းလေး အခေါင်းထဲ ထည့်ပေးလိုက်ပါတဲ့ ၊
အဆိုတော်ကြီးက မှာခဲ့တယ် ။
ကင်မရာဟောင်းလေး အလောင်းနား ချထားပေးပါတဲ့ ၊
ဒါရိုက်တာကြီးက မှာခဲ့တယ် ။
မွေးရပ်မြေမှာ သင်္ဂြိုဟ်ပေးပါတဲ့ ၊
တိုင်းရင်းသားကြီးက မှာခဲ့တယ်။
အကြွေးဆပ် ပြေစာပါ မြှုပ်နှံပေးပါတဲ့
သူဆင်းရဲမကြီးက မှာခဲ့တယ်။
လူ အမျိုးမျိုး စိတ် အထွေထွေ ၊ များလိုက်တဲ့ သေတမ်း စာတွေ ။
ဟုတ်ကဲ့ရှင့် –
ကျွန်မလဲ မသေခင်
သေတမ်းကဗျာ တစ်ပုဒ် ရေးခဲ့ပါရစေ ။
ကျွန်မ သေသွားခဲ့ရင် ....
ကျွန်မရဲ့ အုတ်ဂူပေါ်မှာ –
ခရေပန်း မလို ၊ အကြွေပန်း မလို ။
ပန်းခွေ မလို ၊ အလွမ်းတွေ မလို ။
ဖယောင်းတိုင် ထွန်းစရာ မလို ၊ ရေမွှေးနံ့သာ သွန်းစရာ မလို ။
ရောင်စုံစက္ကူ ပက်ဖြန်းစရာ မလို ။ မိတ်ကပ် ပေါင်ဒါ လိမ်းကျံစရာ မလို။
ပန်းသီး တင်စရာ မလို ၊ ခါတ်ပုံ ထောင်စရာ မလို ။
ယပ်တောင် ကမ်းစရာ မလို ၊ မျက်ရည် စမ်းစရာ မလို ။
ဗီဒီယို မှတ်တမ်း တင်စရာ မလို ၊ စတီရီယို ဇာတ်လမ်း ဆင်စရာ မလို ။
အကောင်းတွေချည်းဘဲ ရွေးဖတ် ပြောစရာ မလို ၊
မကောင်းတွေချည်းဘဲ တေးမှတ် ပြောစရာ မလို ။
ဒါပေမဲ့ – –
ကျွန်မရဲ့ အုတ်ဂူပေါ်မှာ –
ခွေးတွေလဲ နားချင် နားပါစေ ၊
ကလေးတွေလဲ ကစားချင် ကစားပါစေ ။
ယုယကြင်နာသူ စုံတွဲပျို တွေလဲ ချိန်းတွေ့ချင် ချိန်းတွေ့ပါစေ ၊
သုဘရာဇာ လူမွဲအို တွေလဲ မှိန်းမွေ့ချင် မှိန်းမွေ့ပါစေ ။
အပျော်မယ် တွေလဲ တွေးချင် တွေးပါစေ ၊
အကြော်သည် တွေလဲ နွေးချင် နွေးပါစေ ။
ကျေး ၊ ငှက် သာရကာ တွေလဲ အညစ်အကြေး စွန့်ချင် စွန့်ပါစေ ။
ဆေး ၊ အရက် ရာဇာတွေလဲ အပြစ်ချေး ချွတ်ချင်ရင် ချွတ်ပါစေ ။
သေချာဖို့ ကတော့ –
မသေခင် ဘဝဟောင်းက အကျင့်ဆိုး ပုပ်နံ့တွေ ကင်းနေပါစေ ၊
ရှင်သန်စဉ်ခဲ့တုံးက အကျင့်ကောင်း ရနံ့တွေ သင်းနေပါစေ ။ ။

**မင်းအောင်သက်လွင်**

( ဝန်ခံချက်။ **သေတမ်းကဗျာ** ဖြစ်ပေါ်လာရန် မိမိ၏ ခံစားချက်အား ဖုန်း ဖြင့်ပြောကြား၍ ကုန်ကြမ်း ပေးခဲ့သည့် **လေးညှာ** အား ကျေးဇူးတင်ပါသည် )

ooooooooooooooooooooooooooooooooooooooooooooooo

## သူငယ်များ၏ ပုံသက်သေ

**သင်တို့သည် ပြောင်းလဲ၍ သူငယ်ကဲ့သို့ မဖြစ်လျှင် ကောင်းကင် နိုင်ငံတော်သို့ မရောက်ရ။ (မ ၁၈း ၃)**

ကျွန်မ ဘုရားကျောင်းက ပြန်လာတိုင်း အိမ်ဝမှာ ကျွန်မကို လာကြိုနေကျဖြစ်တဲ့ ၅နှစ်အရွယ် တူနဲ့ တူမလေးကို မတွေ့ရလို့ လိုက်ရှာတဲ့ အခါ ခြံထဲက ခုံတန်းမှာ ကျမ်းစာအုပ်ကို ရှေ့ချပြီး ဆုတောင်းနေတာ ကို တွေ့လိုက် ရပါတယ်။ ကျွန်မ အသာလေး လှည့်ထွက်လာခဲ့ပါတယ်။

ခန အကြာမှာ ကလေးနှစ်ယောက် အိမ်ထဲပြန်ဝင်လာကြပြီး ကျွန်မကို တွေ့တာနဲ့ "မေမေတာ ရေ၊ ဦးချစ် ဖြနာရီ မထိုးသေးဘဲ အမိုက်ပစ်



မိလို့ အဖမ်းခံရတယ်။ သားတို့ ဦးချစ် အတွက် ဆုတောင်းပေးနေတာ " လို့ ပြောပြပါတယ်။ ဦးချစ် ဆိုတဲ့ ဦးလေးက ကျွန်မတို့နဲ့ အရမ်းခင်တဲ့ အိမ်နီး နားချင်း တစ်ယောက် ဖြစ်ပါတယ်၊ နှစ်နာရီလောက် အကြာမှာ ဦးချစ် ပြန် လွတ်လာပါတယ်။ ကလေး နှစ်ယောက် အရမ်းဝမ်းသာကြ တယ်၊ ဘုရား သခင် သူတို့ရဲ့ ဆုတောင်း သံကို ကြားပါတယ်။ ကျေးဇူးတော်ချီးမွမ်း ရမယ် ဆိုပြီး ကုတင်ပေါ်မှာ သူတို့ နှစ် ယောက် ဆုတောင်း ကြပြန်ပါတယ်။ အပြင်က ပြန်လာတဲ့ သူတို့ရဲ့ အဖေ (မယုံ ကြည်သူ)ကို သူတို့ ဆုတောင်းသံကို ဘုရားရှင် ကြားပြီး၊ အဖြေပေးကြောင်း ဝမ်းသာ အားရ ပြောပြနေတာကို ကျွန်မ တွေ့လိုက်ရတော့ ဘုရားကျောင်း က ပြန် လာပြီး ဘုရားရှင်ရဲ့ ကောင်းမြတ်ခြင်းကို မပြောရသေးတဲ့ ကျွန်မကို ကလေးလေးတွေ အားဖြင့် ဘုရားရှင် သွန်သင် လိုက်ပါတယ်၊

ခရစ်တော်ဘုရားရဲ့ သား၊ သမီး ဖြစ်တဲ့ ကျွန်မ တို့လည်း ကုန် လွန်ခဲ့သော နှစ်များက အဖဘုရား ကောင်းချီးပေးထားသော အရာတွေနဲ့ မိမိ စိတ်ထဲက ဖြစ်ချင်တဲ့ အရာလေးတွေကို ဘုရားရှင်က မတောင်းခင် ကတည်းက အဖြေ ပေးခဲ့တာတွေကို ပြန်ပြီး ကျေးဇူးတော် ချီးမွမ်းဖို့ လိုအပ် ပါတယ်။ သက်သေခံဖို့ မေ့နေသူများကို သတိရဖို့ရန်နှင့် လောကမှာ ဖြစ် ပျက်သမျှ အားလုံးတို့သည် အမှုမဲ့ အမှတ်မဲ့ ဖြစ်လာသော အရာ တစ်ခုမှ မ ရှိကြောင်း၊ နှုတ်ကပတ်တော်မှာ ပြောထားပါတယ်။

တစ်စုံတစ်ရာကို လက်လွှတ် ဆုံးရှုံး သွားရခြင်းနှင့် ဖြစ်ချင်တာ တွေ ဖြစ်မလာရခြင်းသည် ဘုရားရှင် သင့်အတွက် မည်သို့ ကြံစည် ထား တယ် ဆိုတာကို နေ့စဉ် သခင်ဘုရား၏ စကားတော်ဖြစ်သော နှုတ်ကပါတ် တော်ကို ခံယူရင်း၊ ကျေးဇူးတော် ချီးမွမ်းခြင်းဖြင့်လက်တွေ့ အသက်ရှင်ကြ ပါစို့ ။ ။ **( တောနှင်းပန်း )**

## ကျွန်မ ကို သနားပါ

**ခရိုင်ထာဝရ ဘုရား အကျွန်ုပ်၏ ပဋ္ဌနာစကားကို နားထောင်တော်မူပါ၊ အကျွန်ုပ် ဖောက်ပြန်ခြင်း အသံသည် ရှေ့တော်သို့ ရောက်ပါစေသော၊ ဘေးရောက်သည့် ကာလ၌ မျက်နှာတော်ကို အကျွန်ုပ်မှ လွှဲတော် မမူပါနှင့်၊ အကျွန်ုပ် ခေါ်သောအခါ နားထောင်တော်မူပါ၊ အလျင်အမြန် ထူးတော်မူပါ။ ဆာလံ ၁၀၂း၁–၃**

ကျွန်မ ဒီစာကို ရေးနေတဲ့အချိန်မှာ နှလုံးကြေကွဲစွာနဲ့ ဝမ်းနည်းခြင်း၊ ဆုံးရှုံးခြင်းတွေကို ခံစားနေခဲ့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မရဲ့ ခင်ပွန်းသည်ဟာ ကျွန်မကို လူရှေ့ ဘုရားရှေ့မှာ သစ္စာကတိပြု ထိမ်းမြားမင်္ဂလာ ဆောင်နှင်းခဲ့ပြီးကာမှ လူကွယ်ရာမှာ အိမ်ထောင်ရေး ဖောက်ပြန်ခဲ့တဲ့ အတွက်ကြောင့်ဘဲ ဖြစ်ပါတယ်။ ကျွန်မ ညနက်တိုင်း ဝမ်းနည်းခြင်း မျက်ရည်များနဲ့ ငိုကြွေးလျှက် ကိုယ်တော်ရှင်ထံမှာ ဆုတောင်းခဲ့ရပါတယ်။

ကျွန်မ စင်ကာပူနိုင်ငံကို မရောက်လာခင်မှာ စင်ကာပူကို အရင်ရောက်နှင့်နေတဲ့ ကျွန်မရဲ့ အမျိုးသားဟာ ဘာသာမတူတဲ့ နိုင်ငံခြားသူ ( အင်ဒိုနီးရှား အမျိုးသမီး) တစ်ဦးနဲ့ ငြိစွန်း နေခဲ့ကြပါတယ်။

ဒါတွေကို ကျွန်မ စင်ကာပူရောက်ပြီး ၁၁လ ကြာမှ သိခဲ့ရတာ ဖြစ်ပါတယ်။ သိခဲ့ရတာကလဲ ကျွန်မရဲ့ အမျိုးသားက သူ့ရဲ့ လက်ကိုင် ဖုန်းကို ကျွန်မကို ပေးသုံးတဲ့ အချိန်မှ သိခဲ့ရတာပါ။ အဲဒီ မိန်းမက ဖုန်းခေါ်တဲ့ အခါ ကျွန်မက ပြန်ထူးလိုက်တိုင်း ဖုန်းကို ချလိုက်ပါတယ်။



နောက်တော့ သူ **sms** ပို့တယ်။ "နင်ငါ့ကို သတိရ သေးရဲ့ လား၊ နင်နဲ့ငါ အတူတူ **Off day** ထွက်ခဲ့တာကို သတိရသေးရဲ့လား" လို့ ရေးထားပါတယ်။ သူ့ကို သတိရသေးရဲ့လား လို့ ခနခန မေးနေတော့ ကျွန်မရဲ့ ခင်ပွန်းကို ကျွန်မ မေးကြည့်ပါတယ်။ ခင်ပွန်းသည်က လိမ်ညာခဲ့ပေမဲ့ ကျွန်မ ခင်ပွန်းနဲ့ ဒီအမျိုးသမီး အပြင်မှာ တွေ့ခဲ့ကြတယ် ဆိုတာ ကျွန်မ စုံစမ်း သိရှိခဲ့ပါတယ်။ နောက်တော့ ခင်ပွန်းသည်လဲ သူမှားခဲ့ကြောင်း ဝန်ခံခဲ့ပါ တယ်။ အဲဒီအချိန်မှာတော့ ကျွန်မ နှလုံးလောင်မြိုက် အသည်းခိုက်စွာ ကြေကွဲခဲ့ရပါတယ်။ ကျွန်မတို့ဆီမှာ လူမမယ် သမီးလေး ရှိနေခဲ့ပါပြီ။ သမီးလေးရဲ့ မျက်နှာကိုမှ မထောက်ထားဘဲ မိုက်တွင်းနက်ခဲ့တဲ့ ခင်ပွန်းသည်ကို ကျွန်မ ဘယ်လို ပြန်လည် ပေါင်းသင်း ဆက်ဆံရမှာလဲ။

"ကိုယ်တော် ကျွန်မ ဘာလုပ်ရမလဲ၊ ဘယ်လို လုပ်ရမယ်ဆိုတာ အဖြေ ပေးတော်မူပါ "

ခင်ပွန်းသည်ကို ကျွန်မ မသတီ တော့ပါ။ သမီးလေးရဲ့ မျက်နှာကို မြင်ယောင်ပြီး ကျွန်မ ဘာလုပ်ရမလဲ ကိုယ်တော် အဖြေပေးတော်မူပါ။ အပြစ်အားလုံးထဲမှာ အိမ်ထောင်ရေးဖောက်ပြန်မှုက အကြီးဆုံးအပြစ်လို့ ကျွန်မ ထင်ပါတယ်။ အခုဆိုရင် ကျွန်မတို့ရဲ့ အိမ်ထောင်လေး ပြိုကွဲတော့မှာလား။ ဘုရားရှင် ကျွန်မကို သနားပါ။ ကျွန်မ ဘာလုပ်ရမလဲ၊ မာရ်နတ်ရဲ့ သွေးဆောင်မှုကို ကျွန်မရဲ့ ခင်ပွန်း ခံခဲ့ရပါတယ်။ အိမ်ထောင်ရေးကိုရော ကျွန်မရဲ့ ခင်ပွန်းက ထပ်ပြီး သစ္စာဖောက်အုံးမှာလား။ ဝေခွဲ မရစွာနဲ့ ကျွန်မ ကိုယ်တော်ရှင်ထံ အသနားခံ ဆုတောင်းရင်း နားရှိသောသူ မည်သည်ကား ကြားပါစေ ဆိုတဲ့ ကျမ်းစကားအတိုင်း –

ကျွန်မရဲ့ စာကိုဖတ်မိတဲ့ ခင်ပွန်းသည် အပါအဝင် အိမ်ထောင်ရှင်တိုင်း ( ယောက်ျားတိုင်း၊ မိန်းမတိုင်း) မိမိတို့ရဲ့ အိမ်ထောင်ဖက်အပေါ်မှာ သစ္စာစောင့်ပြီး အိမ်ထောင်အပေါ် သစ္စာရှိနိုင်ကြပါစေလို့ နာမတော်ဖြင့် ဆုတောင်းရင်း ကိုယ်တော်ရှင်ရဲ့ အဖြေကိုစောင့်စားလျှက် – –

နှလုံးကြေကွဲစွာဖြင့် ... ... **( SALLY )**

oooooooooooooooooooooooooooooooooooooooooooooooo

## ဖေဖေ့ဆီသို့

ဖေဖေ ဆုံးမ ခဲ့တဲ့ အောင်မြင်ပျော်ရွှင်တဲ့ လူတစ်ယောက် ဖြစ်ဖို့ သူတစ်ပါး အမှားကို သင်ခန်းစာ ယူတတ်ရမယ်။ ကိုယ်ကျင့် သိက္ခာနဲ့ ပါတ်သက်လာရင် အပေးအယူ မလုပ်ရဘူး။ ကိုယ့်ကိုယ်ကိုဘဲ အားကိုးရမယ်။ ဘယ်သူ့ဆီကမှ အလကား အချောင် မလိုချင်ရဘူး။ – – ဘူး၊ – – ဘူး၊ ဆိုတဲ့ ဖေဖေ့ရဲ့ ဆုံးမ စကားတွေကို ညအိပ်ယာ ဝင်တိုင်း သမီးလေး ကြား ယောင်နေမိတယ်။

မြန်မာပြည် အိမ်မှာတုံးက အိပ်ယာ ဝင်ခါနီးတိုင်း ညဝတ်စည်းဝေး လုပ်တဲ့အခါ ကျမ်းစာအုပ် ဆိုတာ အပျင်းပြေဖတ်ဖို့ မဟုတ်ဘူး၊ သမ္မာ ကျမ်းစာကို ဘုရားသခင် ပေးထားတာက ကျမ်းစာထဲက အဖြစ်အပျက်တွေကို သင်ခန်းစာ ယူတတ်ဖို့ ဆိုတာ သမီးလေး နားထဲမှာ စွဲနေပါတယ် ဖေဖေ။

အစစ အရာရာ တိုးတက် ပြောင်းလဲနေတဲ့ အင်တာနက် ခေတ်ကြီး ထဲမှာ မိန်းကလေး တော်တော်များများဟာ ယောကျ်ားတွေနဲ့ ရင်ဘောင်တန်းပြီး ကိုယ်ပိုင်ကားဝယ်စီး၊ ကိုယ်ပိုင်အိမ် ဆောက်နေနိုင်ကြပြီ။ သမီးလေး အားမကျဘူးလားလို့ ဖေဖေ မေးဖူးတယ် မဟုတ်လား။

အဲဒီ စကားတွေကို အားကျပြီး မခံချင်တဲ့စိတ်နဲ့ မိဝေးဖဝေးတဲ့ နိုင်ငံ ရပ်ခြားမှာ သမီးလေး ရွှေသမင် အလိုက်များခဲ့မိတယ် ဖေဖေ၊ ရင်ခုန်သံတွေ အနည်မထိုင်သေးတဲ့ သမီးရဲ့ နှလုံးသား ဝေဒနာကို ကုစားတဲ့ အနေနဲ့ သမ္မာ ကျမ်းစာထဲက လူသန်ကြီး 'ရှံဆုန်' ကို အနိုင်ယူခဲ့တဲ့ 'ဒေလိလ' လို သမီးရဲ့ စိတ်ဓါတ်တွေ ထွေပြားခဲ့တယ် ဖေဖေ ။

ဖေဖေ ပြောပြော နေတဲ့ "သွား မပါရင် နေပါစေ၊ ကား ပါရင်ပြီး ရော"ဆိုတဲ့ ပေါ့ပျက်ပျက်စကား အချောင်သမား စိတ်ဓါတ် ကိုယ့်အား ကိုယ် မကိုး ချင်တဲ့ စိတ်ဓါတ်တွေ မထားဖို့ ဖေဖေ သတိပေးပေမဲ့ "ဘုရား မပါ ရင် နေပါစေ ။ ကား ပါရင် ပြီးရော" ဆိုတဲ့ စကားလို လောကီ စည်းစိမ် အတွက် သမီးရဲ့ နှလုံးသားကို ရင်းပြီး သမ္မာတရားကို ကျောခိုင်း မိပါတယ် ဖေဖေ။

သမီး လူကြီးက သမီးကို သိပ်ချစ်တာ။ အရမ်း ရိုးသားတယ်။ အရမ်းလဲ သနားတတ်တယ်ပေါ့။ သူ့ခေါင်း တွေတောင် ဖြူလွှန်းလို့ ဆေးဆိုး ပေးလိုက်ရသေးတယ်။ သွား ကတော့ အတု တပ်ထားတယ်လေ။ မျက်စိလဲ မှုန်နေလို့ မျက်မှန် ပါဝါတောင် ဒီဂရီ ထပ်တိုးရအုံးမယ်။ ကျန်းမာရေး ကလဲ မကောင်းဘူး၊ တလောကဘဲ ဆေးရုံ တင်လိုက်ရသေးတယ်။ နိုင်ငံခြားမှာက အနာ သိရင် ဆေး ရှိတာဘဲဟာ၊ သူ့မှာကလဲ စုဆောင်းထားတာတွေ အဆင်သင့် အရံသင့်ပါဘဲ။ အခြေအနေ ပေးလာတဲ့ တစ်နေ့ ဒီလူကြီးကို အသာလေး ခေါက်ထားလိုက်ရုံပေါ့။ အသက်အရွယ် ချင်းကလဲ အဖေတို့ အရွယ် ဆိုတော့ သမီးအနေနဲ့ သမီးရည်းစား တစ်ယောက်လို ချစ်နိုင်ပါ့မလား ဆိုတာ အဖေဘဲ စဉ်းစား ကြည့်လိုက်ပါ တော့။

ဒါပေမဲ့ အဖေရယ်၊ သမီး ဒီနေ့ ဘုရားကျောင်း ရောက်သွားတဲ့ အခါ တရားဟော ဆရာက ၂ကော ၄ မှာပါတဲ့ **"လောက၌ ထင်ရှားသော အရာ တို့သည် ခနသာ တည်၏"** ဆိုတဲ့ ကျမ်းချက်ကို အခြေခံပြီး တရား ဒေသနာ ဟောကြားလိုက်တယ်လေ။ သမီး အရှိုက်ကို လက်သီး ပြင်းပြင်းနဲ့ ထိုးလိုက်သလို ခံစားလိုက်ရတယ်။

သမီးရဲ့ နှလုံးသားတွေလဲ ကွဲကြေမွ သွားခဲ့တယ်။ သူတပါး မိသားစု အသိုက်အမြုံလေးကို ဖြိုခွဲချင်တဲ့စိတ်တွေ၊ အဖေ လောက်ရှိတဲ့ သက်ကြီးရွယ်အိုကို မယုံကြည်သူ တစ်ယောက်ကို အီစကလီ လုပ်ပြီး ကောင်းကင်နိုင်ငံကို ယူသွားလို့ မရ၊ ပရဒိသုဘုံကို သယ်သွားလို့ မရတဲ့ လောက အရာတွေကို တပ်မက်ခဲ့တဲ့ သမီးရဲ့ မိုက်ပြစ်တွေအတွက် အဖေ့ကို တောင်းပန်စကား ဆိုရလောက် အောင် သမီးဘဝ က မထိုက်တန်တော့ပါဘူး ဖေဖေ ။ ဖေဖေ့ကို တောင်းပန် ချင်ပါတယ် အဖေ ။

"ဘယ်သူ ငါ့အမှား ခွင့်လွှတ်နိုင်မလဲ" ဆိုတဲ့ သီချင်းကို ကိုယ်တိုင်ဆိုသွားတဲ့ မိန်းကလေးလိုဘဲ သမီးရဲ့ အမှားတွေကို ခွင့်လွှတ်နိုင်တဲ့ သူဟာ ကောင်းကင်ဘုံရှင် အဖဘုရားသခင်ဘဲ ဆိုတာ အဖေ့ကို သမီး သခင့် စကား စာစောင် ထဲကနေ သက်သေခံ ဝေမျှပါရစေ ။ ။

ဖေဖေချစ်တဲ့ – သမီးလေး

**လေးလျှာ**

## မုန်းတီးခြင်းမှသည် ချစ်ခြင်းဆီသို့

ငယ်ငယ်တုံးက ဆန်းဒေးစကူး ဆရာမက ပြောခဲ့ဖူးတယ်။ အချင်းချင်း ချစ်ရမယ်တဲ့။ ရှေ့ကျမ်းချက်ထဲမှာလဲ ဖတ်ခဲ့ ရွတ်ခဲ့ဖူးတယ်။ ရှင်ယောဟန် ဩဝါဒစာ ပထစာစောင် ၄း၂၀ မှာ – **တစ်စုံတစ်ယောက်သော သူက ငါသည် ဘုရားသခင်ကို ချစ်သည်ဟု ဆိုလျှက် မိမိ ညီအစ်ကိုကို မုန်းလျှင် ထိုသူသည် မုသာကို သုံးသောသူဖြစ်၏၊ မိမိမြင်ရသော ညီအစ်ကိုကို မချစ်နိုင်လျှင် မမြင်သေးသော ဘုရားသခင်ကို အဘယ်သို့ချစ်နိုင်မည်နည်း။** တဲ့ ။

ဒါပေမဲ့ –

"မုန်းတယ်၊ အရမ်းမုန်းတယ်" လို့ လူတစ်ယောက်ကို ကျွန်မ ပြောခဲ့ဖူးတယ်။ အခုထိ မှတ်မိနေပါ သေး တယ်၊ ကျွန်မက တိရိစ္ဆာန်လေးတွေကို အရမ်း ချစ်တတ်တဲ့ သူပါ။ ငယ်ငယ်က အိမ်မှာ မွေး ထားတဲ့ ကြောင်လေးတွေ ဆယ်ကောင်ကျော် ရှိတယ်။ အားလုံး ကိုလဲ နာမည် တစ်ခုစီ အသီးသီး ပေးထားတယ်။ သူတို့ နေမ ကောင်း ရင် စိတ်ပူ ရတာ အမော။ သူတို့ စားဖို့ ငါး မရရင် မရမချင်း မပျော်နိုင်ခဲ့ပါဘူး။ ညမိုး ချုပ်ရင်လဲ သူများတွေလို အပျင်းပြေတီဗွီ ကြည့်ရမဲ့အစား ကြောင် ကလေး တွေ ခုန်ပေါက် ဆော့ကစားတာကို ထိုင်ကြည့်ပြီး မိသားစု ရယ်ကြ မောကြနဲ့ အရမ်းပျော်စရာ ကောင်းခဲ့ပါတယ်။ တစ်နေ့ သူတို့ အားလုံးထဲက ဖြူဖြူ ဖွေးဖွေး ဝဝ တုတ်တုတ်နဲ့ ချစ်စရာ ကောင်းတဲ့ တစ်အိမ်သားလုံးရဲ့ အသည်းကျော် "ဂျင်ဂျာ"ဆိုတဲ့ ကြောင်လေး ကျွန်မ ဘေးနားမှာ အိပ်နေရင်းနဲ့ သေဆုံးသွားခဲ့တယ်။

အဲဒီနေ့က အိမ်မှာ ကျွန်မရယ် မိခင်ကြီးရယ် အစ်မတစ်ယောက်ရယ် စုစုပေါင်း သုံးယောက်ဘဲ ရှိကြတယ်။ မနက်မိုးလင်းတော့ ကြောင် အသေကောင်ကို ပိုက်ပြီး ကျွန်မတို့ သားအမိ သုံးယောက် ငိုပွဲဆင် အပြီးမှာ အိမ်နားက လူတစ်ယောက် ရောက်လာပြီး "ကြောင်အသေကို မြှုပ်ပစ် မလို့ လား။ ငါ့ကို ပေးပါ၊ ချက်စားချင်လို့ပါ"လို့ လာ ပြောပါတယ်။ နားထဲမှာ မိုးခြိမ်းသံထက် ကျယ်လောင်တဲ့ စကားပါ။ ကျွန်မ သူ့ကို စူးစူးဝါးဝါး တစ်ချက် စိုက်ကြည့်ပြီး ဘာ တစ်ခွန်းမှ မပြောဘဲ လှည့်ထွက် လာခဲ့ပါတယ်။

> အဲဒီ ကျမ်းချက်ကို ဖတ်မိတော့မှ ကျွန်မ ငယ်ငယ်က လူသတ် မိပါလားဆိုတာကို သိလိုက်ရလို့ – –

နောက်ပိုင်းမှာ ကျွန်မရဲ့ မိခင်က ပြေလည်ရာ ပြေလည်ကြောင်း ပြောလိုက်လို့ ဟိုလူ လှည့်ထွက်သွားပေမဲ့ ကျွန်မ တစ်ယောက်တည်း မျက်ရည်စက်လက် ဒေါသ ထွက်ပြီး "မုန်းတယ်၊ အဲဒီလူကြီးကို အရမ်း မုန်းတယ်။ သူများက ကြောင်သေသွားလို့ ဝမ်းနည်းပြီး မြေမြှုပ်ရမှာကို မပစ်ရက်လို့ ငိုနေတာကို သူမို့ မညှာမတာ ချက်စားမယ်တဲ့ မုန်းတယ်" လို့ပါးစပ်က ပြောထွက်ခဲ့တဲ့အပြင် စိတ်ထဲမှာလဲ အကြိမ်ကြိမ် ပြောနေမိခဲ့ပါ တယ်။ ကျွန်မရဲ့ မိခင်က ဖြောင်းဖျပေးမှဘဲ စိတ်ဆိုး နည်းနည်းပြေ သွားခဲ့ပါတယ်။

ဒါပေမဲ့ – အဲဒီလူကြီးကို စိတ်ဆိုးနေတုန်းဘဲ၊ သူနဲ့ ရပ်ကွက်ထဲမှာ တွေ့ရင် အသားလွတ် တစ်ယောက်ထဲ စိတ်တိုနေရလို့ လမ်းထဲမှာ သူ့ကို မျက်နှာချင်းဆိုင် မတွေ့အောင် ရှောင်ရတာလဲ အမောပါဘဲ။ နောက်ပိုင်း အဲဒီအိမ်က ပြောင်းလိုက်လို့ ကြာသွားမှ မေ့မေ့ပျောက်ပျောက် ဖြစ်သွားခဲ့ပါတယ်။ အသက် အရွယ် တဖြည်းဖြည်း ရလာတာနဲ့အမျှ ဘုရားသခင်ရဲ့ သွန်သင်မှုကြောင့် သူတစ်ပါးကို မမုန်းရဘူးဆိုတာ နားလည်လာခဲ့ပါတယ်။

ရှင်ယောဟန် ခရစ်ဝင် ပထမစောင်ကို ဖတ်တော့ ချစ်ခြင်းမေတ္တာ အကြောင်း အချင်းချင်း ချစ်ကြဖို့ သွန်သင်ထားတဲ့အပြင် –

၁ယော ၃း၁၅ မှာ – **မိမိ ညီအစ်ကို ကို မုန်းသောသူသည် လူအသက်ကို သတ်သောသူဖြစ်၏။ လူ အသက် ကို သတ်သောသူ တစ်စုံတစ်ယောက်၌မျှ ထာဝရ အသက် မတည်သည်ကို သင်တို့ သိကြ၏။** တဲ့ ။ အဲဒီကျမ်းချက်ကို ဖတ်မိတော့မှ ကျွန်မ ငယ်ငယ်က လူသတ်မိပါလား ဆိုတာကို သိလိုက်ရလို့ ဘုရားသခင်ကို တောင်းပန် ဆုတောင်း ဆက်ကပ် ရပါတော့တယ်။ ချစ်သော စာဖတ်သူ မိတ်ဆွေလဲ ကျွန်မ လို လူသတ်မိခဲ့သေးလား၊ သတ်နေတုန်းလား။ သတ်ဖို့ ကြံစည်နေလား။ ပြန်ပြီးတော့ ကိုယ့်ကိုယ်ကို ဆန်းစစ်ကြရအောင်။

လူအသက်ကို သတ်သောသူထံမှာ ထာဝရ အသက် မတည်ဘူး တဲ့၊ ဗျာဒိတ် ၂၂း၁၂ မှာ – **ငါသည် အလျှင်အမြန် လာမည်။ ငါသည် အကျိုးအပြစ်ကို ဆောင်ခဲ့သည်ဖြစ်၍ လူအသီးအသီးတို့အား မိမိတို့ အကျင့်အတိုင်း ဆပ်ပေးမည်။** လို့ ရေးထားပါတယ်။

သခင်ယေရှု ကြွလာတော့မယ် မိတ်ဆွေ၊ မလာခင် ဒီအချိန် ကလေးမှာ ကျွန်မ ဆီမှာရော မိတ်ဆွေ ဆီမှာပါ ထာဝရအသက် တည်စေဖို့ **မုန်းတီးခြင်း မှသည် ချစ်ခြင်းမေတ္တာ သို့** ပြောင်းလဲ အသက်ရှင် သွားကြပါ စို့။ ။

( D )

000000000000000000000000000000000000000000000000

## ရေးပြရအုံးမယ် – ၃ ( သာမာန်လူ )

"ကျွန်မ ဆီမှာ ဆယ်ဖို့တစ်ဖို့ ပိုက်ဆံတွေ အများကြီးရှိတယ်။ ဒါပေမဲ့ ဘယ်သူ့ကို လှူရမှန်း မသိဘူးဖြစ်နေတယ်။ ကိုယ်က သမ္မာအာဇီဝနဲ့ ရှာထားတာ ဆိုတော့ ထိရောက်တဲ့ သာသနာလုပ်ငန်းမှာဘဲ လှူချင်တယ် "

"မောင်ဘယ်သူရေ မင်းလဲ စင်ကာပူ ရောက်နေတာကြာပြီ ဆိုတော့ ငွေလဲ အတော်အသင့် စုမိလောက်ပြီပေ့ါ၊ ဆရာ အခု သာသနာ လုပ်ငန်းကြီးကြီး တစ်ခုလုပ်ဖို့ ရူပါရုံ ရထားတယ်။ အဲဒါ စင်ကာပူ ဒေါ်လာ ၃၀၀၀ လောက် မင်းဆီက အလှူခံချင်တယ်ကွာ "

"ကျွန်တော်က အခု တောင်ပေါ်ဒေသမှာ သာသနာပြု နေတာပါ။ တောင်ပေါ် ရွာတစ်ရွာ နဲ့ တစ်ရွာ အလှမ်းဝေးတော့ ဆိုင်ကယ်တစ်စီး ရှိမှ ဖြစ်မယ်။ ခင်ဗျားတို့ ဆီက ဆိုင်ကယ်တစ်စီးလောက် အလှူခံချင်တယ်ဗျာ "

စတဲ့ စကားပြောသံတွေ – – –

ဒီ စကားသံတွေဟာ ကျွန်တော် ကိုယ်တိုင် နားနဲ့ ဆတ်ဆတ်ကြား ခဲ့ရတဲ့ စကားတွေဖြစ်ပါတယ်။ ယုံကြည်သူ အသင်းသားတွေနဲ့ သင်းအုပ်ဆရာ၊ ဧဝံဂေလိ ဆရာ၊ သာသနာပြု ဆရာတွေရဲ့ ကြားမှာ အမြဲလိုလို ကြုံတွေ့ ပြောဆိုနေရတဲ့ စကားလုံးတွေ ဖြစ်ပါတယ်။ တစ်ချို့က ကျယ်ကျယ်ကျယ်ကျယ်နဲ့ လူတွေ များများသိလေ၊ ပိုကောင်းလေ ဆိုပြီး လူသိရှင်ကြား ပြောလေ့ရှိပေမဲ့ တစ်ချို့ကျတော့လဲ တိုးတိုးတိတ်တိတ် လူမသိ ရှင်မကြား ပြောတတ်ကြပါတယ်။ သာသနာ လုပ်ငန်းမှာ ငွေလိုတာ ၊ အလှူခံတာ မဆန်းသလို အပြစ်လဲ မဟုတ်ပါဘူး။ အလှူခံ သင့်ပါတယ်။ ပေးလှူ သင့်ပါတယ်။

ဒါပေမဲ့ အလှူ မခံတတ်ရင် (သို့) မပေးလှူတတ်ရင် အထင်လွဲစရာ၊ နာမတော် ရှုတ်ချစရာ၊ အပြစ်တင်စရာ၊ အရှက်ကွဲစရာလေးတွေ ဖြစ်တတ်ပါတယ်။ ဒီအကြောင်းတွေကို ဖော်ပြဖို့ ဒီဝေဖန်ရေး ဆောင်းပါးလေးကို ကျွန်တော် ရေးလိုက်ပါတယ်။ ဘယ်သူ၊ ဘယ်ဝါ၊ ဘယ်ဆရာ၊ ဘယ် အသင်းတော်၊ ဘယ်အဖွဲ့အစည်းကိုမှ အပုတ်ချ၊ အပြစ်တင်ခြင်း မဟုတ်ဘဲ စေတနာ သန့်သန့်နဲ့ ဝေဖန် အကြံပေးလိုခြင်း ဖြစ်တယ်ဆိုတာ ရှေးဦးစွာ ကျွန်တော် ရေးသား ဖော်ပြလိုပါတယ်။

"အလှူ ရေစက် လက်နဲ့ မကွာ" လှူတန်းကြတဲ့ မြန်မာ လူမျိုးတွေကြားထဲမှာ ကြီးပြင်းလာကြတဲ့ မြန်မာတိုင်းရင်းသား ယုံကြည်သူ အများစုဟာ လှူတန်းတာကို အင်မတန် ဝါသနာပါကြပါတယ်။ စင်ကာပူရောက်လာတော့ ငွေစနည်းနည်း ရှင်လာတဲ့အခါ အလှူခံနဲ့ကြုံလာရင် ဘာရယ် ညာရယ် မဟုတ်ပါဘဲ "ဟဲ့ – ငါတို့ ရွာက ဘုရားကျောင်းဆောက်ဖို့ အလှူငွေ ထဲ့ပါအုံး" လို့ ဆိုလာရင် မမေးမြန်း မငြင်းပယ်ဘဲ ပက်ကနဲ လှူတတ်ကြတဲ့သူတွေကို ကျွန်တော် မြင်ဖူးပါတယ်။

လှူတာကို အပြစ်မတင် လိုသလို အလှူခံတာကိုလဲ မကောင်းဘူးလို့ ကျွန်တော် မရေးပါဘူး။ ဒါပေမဲ့ ကျွန်တော် မြင်နေရတဲ့ ယုံကြည်သူ အသိုင်းအဝိုင်းထဲမှာ ထိရောက်တဲ့ အလှူခံခြင်း၊ ပေးဝေလှူဒါန်းခြင်း ( နတ်လူ သာဓု ခေါ်စေလောက်တဲ့ အလှူ ) ဖြစ်ဖို့ ကျွန်တော့်ရဲ့ ရှုထောင့်ကနေ ဝေဖန် ရေးသားလိုက်ပါတယ်။

* ဘာ့ကြောင့် အလှူခံတာလဲ၊ ဘာ့ကြောင့် လှူကြ၊ တန်းကြတာ လဲ။

ယုံကြည်သူတွေ ပစ်ပယ်လို့မရတဲ့ သမ္မာကျမ်းစာထဲက အဖြစ် အပျက်များနဲ့ ချိန်ထိုး သင်ခန်းစာယူကြပါစို့။

**၁။ ထွက်မြောက်ရာကျမ်း ၂၅း၁–၉ – ထာဝရဘုရားကလဲ ဣသရေလ အမျိုးသားတို့သည် – – ကြည်ညိုသော စေတနာစိတ်နှင့် ငါ့အား လှူသမျှသော သူတို့၌ သင်သည် အလှူကို ခံရမည်။** ... ပင်လယ်ပြင်ကို ခွဲခဲ့တဲ့ သူရဲကောင်းကြီး မောရှေဟာ သိနာတောင်ပေါ် ရောက်တဲ့အခါမှာ ဘုရား သခင်က

ယုံကြည်သူ ဣသရေလ လူတွေဆီက အလှူခံဖို့ စေခိုင်းခဲ့ပါ တယ်။ သူ့ရဲ့ ရည်ရွယ်ချက်က မှန်တယ်။ ဘုရားသခင်က အလှူခံဖို့ အခွင့်ပေးတယ်။ ယုံကြည်သူတွေကလဲ ပေးလှူချင်တဲ့စိတ် ရှိတယ်။

**ဂလာတိ ၆း၆ – နှုတ်ကပါဌ်တရားကို သင်သောသူသည် သင်ပေးသော သူအား ကောင်းသော အရာရှိသမျှတို့ကို ဝေမျှစေ။**

**၁တိ ၅း၁၇ – ကောင်းမွန်စွာအုပ်သော သင်းအုပ်တို့သည် အလျှုနှစ်ဆ ကို ခံထိုက်သောသူဖြစ်သည် ဟူ၍၄င်း တရားဟောခြင်း ဆုံးမဩဝါဒပေးခြင်းအမှုကို ကြိုးစား အားထုတ်သောသူတို့သည် အလျှုနှစ်ဆကို အထူးသဖြင့် ခံထိုက်သောသူ ဖြစ်သည် ဟူ၍၄င်း မှတ်ရမည်။**

**၂။ မာကု ၄း၁–၉ –…… အချို့သော အစေ့တို့သည် လမ်း၌ကျသဖြင့် ငှက်တို့သည်လာ၍ ကောက်စားကြ၏။ အချို့သော အစေ့တို့သည် မြေနည်း၍ ကျောက်ပေါ်များသော အရပ်၌ကျသဖြင့် မြေတိမ်သောကြောင့် ချက်ခြင်း အပင်ပေါက် သော်လည်း နေထွက်သောအခါ ပူလောင်သည်ဖြစ်၍ အမြစ် မစွဲသောကြောင့် ညှိုးနွမ်းပျက်စီးခြင်းသို့ရောက်ကြ၏။ အချို့သော အစေ့တို့သည် ဆူးပင်တို့တွင်ကျသဖြင့် ဆူးပင်တို့သည် ကြီးပွား၍ ညှဉ်းဆဲသောကြောင့် အသီးမသီးကြ။ အချို့သောအစေ့တို့သည် ကောင်းသောမြေ၌ ကျသဖြင့် အပင် ပေါက်၍ ကြီးပွားလျှက် အဆသုံးဆယ်၊ အဆခြောက်ဆယ်၊ အဆတစ်ရာ ပွားများ၍ အသီးသီးကြ၏။ … …** အထက်ဖော်ပြပါကျမ်းချက်ထဲက 'မျိုးစေ့' ဆိုတာ 'သမ္မာတရား'လို့ ကျမ်းစာထဲမှာ ဖော်ပြ ထားသလို ဆရာ တော်တော်များများကလဲ ဒီဥပမာလေးကို နှုတ်ကပါတ် တရားတော် နာခံခြင်း နဲ့ ပါတ်သက်တဲ့ သင်ခန်းစာ ယူစရာအဖြစ် ဟောပြော လေ့ ရှိကြပါတယ်။ ဒီဆောင်းပါးမှာတော့ 'မျိုးစေ့' ဆိုတာ 'အလှူငွေ' လို့ ကျွန်တော် အဓိပ္ပါယ် ဖွင့်ချင် ပါတယ်။ မျိုးစေ့ ကြဲတဲ့သူကို ယုံကြည်သူအနေနဲ့ ပုံ ဆောင်ချင်ပါတယ်။ 'မြေ' ကိုတော့ သာသနာလုပ်ငန်း အသင်း တော်၊ အလှူခံများလို့ ဥပမာ ပေးလိုပါတယ်။ မျိုးစေ့ ကြဲသူ (အလှူငွေ ပေးသူ) ဟာ၊ မျိုးစေ့ ( အလှူငွေ) ကို ကောင်းသောမြေ (ကောင်း သော သာသနာ လုပ်ငန်း၊ အသင်းတော်) မှာဘဲ ကျရောက် အပင်ပေါက် စေချင်ပါတယ်။ ဆူးခြုံ ကြား၊ ကျောက်ပေါ်များသော မြေ၊ ငှက်ကောက်စား ခံရ တဲ့အဖြစ်မျိုး၊ ပေးတဲ့ အလှူငွေ အားလုံး သဲထဲ ရေသွန် သလို ဖြစ်သွားမှာကို စိုးရိမ် ပူပန်ကြမှာ ဖြစ်ပါတယ်။



တစ်ချို့ကျပြန်တော့လဲ "အို – အလှူငွေ ထဲ့တာ ထည့်တဲ့သူ စိတ်သန့် ပြီး စေတနာပါရင် ပြီးတာဘဲ ၊ အလှူခံတဲ့သူက သူ့ဘာသာ ဘာဘဲ လုပ်လုပ် ကိုယ်နဲ့ မဆိုင် ဘူး၊ သူအလွဲသုံးစားလုပ်ရင် သူနဲ့ ဘုရားဘဲ ရှင်းလိမ့် မယ်"လို့ ပြီးစလွယ် ဆိုတတ်ပါတယ်။ ဘယ်သူက ဘယ်အလှူငွေဘဲ ကောက်ကောက် မညည်းမငြူ လိုလိုလားလား ထည့်တဲ့သူတွေ ရှိပါတယ်။ စေတနာပါတာကို လေးစားပါတယ်။ ရက်ရက် ရောရော လှူတာကိုလဲ ဂုဏ် ယူပါတယ်။ ဒါပေမဲ့ လက်လွှတ်စပါယ် သူ့ ဘာသာ ဘာလုပ်လုပ် ကိုယ်နဲ့ မဆိုင်ဘူး လို့ ပြောဆိုတာ ကိုတော့ ဘဝင် မကျ ဖြစ်မိပါတယ်။

ဆယ်ဖို့တစ်ဖို့ မှန်မှန်လှူဖို့ ဆရာသမားတွေက အသင်းသားတွေ ကို ပြတ်ပြတ်သားသား ဟောပြောတာတွေ့ရပေမဲ့ အလှူငွေတွေကို အကျိုး ရှိရှိ ဘုရားသခင် လမ်းပြမှုနဲ့ အသုံးချဖို့ အသင်းသားတွေက ဆရာတွေကို သွန်သင်တာ မတွေ့ဖူးပါဘူး။ ဒီဆောင်းပါးမှာတော့ ဘယ်သူ့ကိုမှ သာစေ နာစေ မရည်ရွယ်ဘဲ နှစ်ဦးနှစ်ဘက်မျှမျှတတ ရေးမှာဖြစ်ပါတယ်။ အသင်းသား တွေကလဲ အလှူငွေတို့ ဆယ်ဖို့တစ်ဖို့တို့ကို သစ္စာရှိရှိ နေရာ မှန်မှန်မှာ လှူဖို့ လိုသလို။ သင်းအုပ်ဆရာ၊ အသင်းတော်လူကြီးတွေကလဲ နေရာ မှန်မှန်မှာ အကျိုးရှိရှိ သစ္စာရှိရှိ သုံးစွဲဖို့ လိုပါတယ်။ ပေးလှူရမဲ့ သူကလဲ မလှူခင်မှာ ဘယ်နေရာမှာ လှူရမလဲဆိုတာ ဘုရားသခင်ဆီက လမ်းပြဖို့၊ ဖော်ပြဖို့ ဆု တောင်းရမှာ ဖြစ်သလို၊ အလှူခံတဲ့ အသင်းတော် ဆရာတွေကလဲ ရလာတဲ့ အလှူငွေကို ဘယ်နေရာမှာ အသုံးချရမလဲဆိုတာ ဆုတောင်းဖို့ ဘုရား သခင်ရဲ့ လမ်းပြမှု ခံယူဖို့လိုပါတယ်။

အရည်အသွေးကောင်းတဲ့ မျိုးစေ့ဟာ နေသာ၊ ရေလာပြီး မြေဩဇာကောင်းတဲ့ မြေပေါ်မှာ ကျရောက် ရှင်သန်ခဲ့ရင် အဆသုံးဆယ်၊ အဆခြောက်ဆယ်၊ အဆတစ်ရာ ပွားများလာမယ်ဆိုတာ သေချာပါတယ်။ ဒီလို ပါဘဲ စေတနာမှန် သမ္မာအာဇီဝနဲ့ ရှာဖွေရရှိထားပြီး ဆက်ကပ်ထားတဲ့ အလှူငွေဟာ သာသနာပျံ့ပွားဖို့သာ အရင်းခံထားတဲ့ သာသနာလုပ်ငန်း (သို့) အသင်းတော် (သို့) ဧဝံဂေလိဆရာထံကို ဆိုက်ဆိုက် မြိုက်မြိုက် ရောက်သွားမယ် ဆိုရင်တော့ ဒီငွေဟာ အဆသုံးဆယ်၊ အဆခြောက်ဆယ် မက အဆတစ်ရာ ပွားများပြီး ဘုရားသခင်ရဲ့ ဘုန်းတော် ထင်ရှားမယ်ဆိုတာ မြေကြီးလက်ခတ်မလွဲ သေချာတယ်ဆိုတာ ကျွန်တော် ရဲရဲကြီး အာမခံရဲပါ တယ်။ ။ (သာဗာန်လူ)

0000000000000000000000000000000000000000000000000000000000

## ဘဝရဲ့ ပဲ့တင်သံ

တောအုပ်တစ်ခု ထဲကို သားအဖနှစ်ယောက် လမ်းလျှောက် ထွက်လာခဲ့ကြတယ်။ တစ်နေရာရောက်တော့ ကောင်လေးဟာ ခလုတ်တိုက် မိလို့ ချော်လဲသွားပြီး ထိခိုက် နာကျင်မှုကြောင့် "အား – –"လို့ အသံကုန် အော်လိုက်မိတယ်။ အံ့ဩစရာ ကောင်းတာက ဟိုးဝေးဝေး တောင်တန်း တွေ ဆီက "အား"ဆိုတဲ့ အော်သံ တစ်သံကို ပြန်ကြားလိုက်ရတယ်။ ဒါနဲ့ ကောင်လေးလဲ "မင်း ဘယ်သူလဲကွ"လို့ အော်မေးလိုက်တယ်။ သူ့ကို ပြန်ဖြေတဲ့ စကားသံကလဲ "မင်း ဘယ်သူလဲကွ"တဲ့။

ကောင်လေး တော်တော် ဒေါပွ သွားတယ်။ စိတ်တိုတိုနဲ့ "ဟေ့ – သတ္တိ ရှိရင် ထွက်ခဲ့" လို့ အော်ပြောလိုက်တော့ ဟိုဘက်ကလဲ "ဟေ့ – သတ္တိ ရှိရင် ထွက်ခဲ့"လို့ စိန်ခေါ်ပြီး ပြန်အော်ပြောတဲ့ အသံကို ကြားလိုက် ရတယ်။ ကောင်လေးက သူ့အဖေကို မော့ကြည့်လိုက်ပြီး "အဖေ – သား ဘာဆက် လုပ်ရမလဲ" လို့မေးလိုက်တယ်။

"ဘာမှ မလုပ်နဲ့ – သား၊ နားထောင် –" လို့ အဖေလုပ်သူက ပြန် ဖြေလိုက်ပြီး "မင်္ဂလာပါ ခင်ဗျာ" လို့ အော်လိုက်တယ်။ တောင်တန်းတွေ ဘက်ကနေ "မင်္ဂလာပါ ခင်ဗျာ" လို့ ပြန်အော်တဲ့ အသံကို ကြားလိုက်ရ တယ်။ အဖေက ဆက်ပြီး "ကျန်းမာ ချမ်းသာ ပါစေဗျား" လို့အော်ပြော လိုက်တယ်။ " ကျန်းမာ ချမ်းသာ ပါစေဗျား" ဆိုတဲ့ ပြန်ပြောသံကို တောင်တန်းတွေ ဘက်က ထပ်ကြား လိုက်ရတယ်။ ကောင်လေး တော်တော် အံ့ဩ သွားတယ်။ အခုထက်ထိ ဘာတွေ ဖြစ်နေတယ် ဆိုတာ သူ မသိသေးပါဘူး။

အဲဒီနောက်မှာ ဖအေ လုပ်သူက ကောင်လေးကို ရှင်းပြတယ်။ "လူတွေ ကတော့ အဲဒီအသံကို 'ပဲ့တင်သံ' လို့ခေါ်ကြတယ်။ တကယ်တော့ အဲဒါဟာ 'ဘဝ' ဘဲဖြစ်တယ်။ ဘဝ ဆိုတာ သား ဘာလုပ်လုပ် သူက သားကို ပြန်ပေး တတ်တယ်။ ဘဝ ဟာ သား အသက်ရှင်နေတုံးမှာ လုပ် ဆောင်မှုတိုင်းရဲ့ မှန် တစ်ချပ် ဘဲဖြစ်တယ်။ သားက ချစ်ခြင်းမေတ္တာတွေ များ များ လိုချင်ရင် ကိုယ်ကိုယ်တိုင် ကျော သား ရင်သား မခွဲခြားဘဲ ချစ်တတ် တဲ့သူ ဖြစ်ရမယ်။ ကြင်နာမှုတွေကို လိုချင်ရင် ကိုယ်တိုင် ကြင်နာ တတ်ရမယ်။ လေးစားမှုနဲ့ နားလည်မှုကို လိုချင် ရင်လဲ ကိုယ်ကိုယ်တိုင် နားလည် လေးစား တတ်ရမယ်။ သည်းခံမှု လိုချင်ရင် ကိုယ်ကိုယ်တိုင် သည်းခံတတ်ရမယ်။ ဒီနည်းဥပဒေသတွေကို တို့ရဲ့ အသက် တာမှာ လက်တွေ့ အသုံးချနိုင်အောင် ကြိုးစားရမယ်။ "

ဘဝ ဆိုတာ သင် ဘာလုပ်လုပ် သင့်ဆီကို တန်ပြန် လာတတ် တယ်။ ဘဝ ဆိုတာ တိုက်ဆိုင်လို့၊ မတော်တဆ ဖြစ်လာတာ မဟုတ်ဘူး။ သင် ဘာလုပ်လုပ် ပြန်ပေါ်တတ်တဲ့ မှန်တစ်ချပ် ဘဲ ဖြစ်တယ်။ ။

**အမည်မသိစာဆို**

( ဝန်ခံချက် ။ Author Unknown ရေးသားသော The Echo Of Life အား **ဒိုင်ယာနာဇော** ရှာဖွေ တင်ပြ၍ **မင်းအောင်သက်လွင်** ဘာသာပြန်ဆိုသည်။)